ပဲခင်းကျေးရွာ

ပဲခင်းကျေးရွာအုပ်စု

ကျောက်ဆည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပဲခင်းကျေးရွာ၊ ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ပဲခင်းကျေးရွာ၏ သယံဇာတပြဓမ္မပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ပဲခင်းကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** ၄

၃. ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ပဲခင်းကျေးရွာ၏**ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** ၅

၄. ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ပဲခင်းကျေးရွာ၏၊ကျေးရွာ၏၊လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၇

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉


၄.ဈ။ ကျား – မ ရေးရာ ၁၀

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁


နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၅


ဘူးကျောက်ဆည်မြို့နယ်ပဲခင်းကျေးရွာအုပ်စုပဲခင်းကျေးရွာ၏ဘူးသီးဆုံးစာကြည့်



၂။ ကျောက်ဆည်မြို့နယ်၊ပဲခင်းကျေးရွာအုပ်စု၊ပဲခင်းကျေးရွာ၏ရာသီခွင့်ပြု ပြက္ခဒိန်



၃။ ကျောက်ဆည်မြို့နယ်ပဲခင်းကျေးရွာအုပ်စုပဲခင်းကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများခွိုတ်ဆက်မှုပြပုံ



၄. ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ပဲခင်းကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီအနေအထား

ပဲခင်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်း ပါဝင်သောအုပ်စု ကျေးရွာတစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ အရှေ့တောင်ဘက်(၁၅)မိုင်ခန့်ကွာ ဝေးသောသံရွာနှင့် တောင်ကြီးကားလမ်းမကြီးဘေးရှိ ခါးတက်ကုန်းကျေးရွာနှင့် ထိစပ်လျက်ရှိပါသည်။ ပဲခင်းကျေးရွာ၏ အကျယ်အဝန်းမှာ ဧရိယာဧက(၄၅)ခန့်ကျယ်ဝန်းပြီး အနီးဆုံးမှာ သံရွာဖြစ်ပြီးကျေးရွာမှ(၂)မိုင်ကွာခန့် ကွာဝေးပါသည်။ ကျေးရွာ၏ အရှေ့ဘက်ရှိ(၁)မိုင် ကွာဝေးသော ပေါင်လောင်ကြီးကျေးရွာ၊ကျေးရွာ၏အနောက်ဘက်တွင် မုန်းတိုင်ကျေးရွာရှိပြီးကျေးရွာ၏ မြောက်ဘက်ရှိ ခါးတက်ကုန်း ကျေးရွာ(၁)မိုင်ခန့်ရှိပြီး၊ ကျေးရွာ၏တောင်ဘက်ရှိ မဉ္ဇုဒ်ကျေးရွာတို့နယ်နမိတ် ထိစပ်လျက်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် အနော်ရထားမင်းကြီးတည်ထား ကိုးကွယ်ခဲ့သော စေတီပုထိုးများရှိပါသည်။ နယ်ချဲ့အင်္ဂလိပ်တို့က ရတနာပုံမင်းနေပြည်တော်အထိ ကျူးကျော်တိုက်ခိုက်၍ သီပေါမင်းနှင့်မိဖုရားတို့ကို ဖမ်းဆီးခေါ်ဆောင်သွားရောက်ပြီး သီပေါမင်းနှင့်ဝင်တော်မှူးဦးဖောင်းနှင့်မြန်မာ့မျိုးချစ်သူရဲကောင်းတို့ကသံရွာနှင့်တောင်ကြီးကားလမ်းမဘေးရှိ ခါးတက်ကုန်းကျေးရွာမှနေ၍နယ်ချဲ့တို့အား ခုခံတိုက်ခိုက်ပြီးနောက် ခါးတက်ကုန်းကျေးရွာ၏တောင်ဘက်(၁)မိုင် ပဲခင်းကျေးရွာသည်နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့တွင် တရားဝင်ပွဲတော်ကြီး ကျင်းပခဲ့ပါသည်။ ရွေအင်ပဲမြတ်စွာဘုရားကြီးသည် သမိုင်းဝင်တန်ခိုးကြီး ဘုရားဖြစ်ပါသည်။

ကျေးရွာ၏အဓိက အသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ သိုလှောင်ရေးအလုပ်တို့ လုပ်ကိုင်ကြပြီး စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး နှင့်သားသမီးများ၏ ပညာရေးကဏ္ဍ အသီးသီးတို့ကို ဖြေရှင်းကြသည်။ စိုက်ပျိုးရေးကို အလှည့်ကျရေလှည့် စနစ်ဖြင့်ရေပေးဝေပါသည်။ မွေးမြူရေးတွင် နွား၊ နို့စားနွား၊ ဆိတ်၊ ဝက်များမွေးမြူကြပြီး အပိုဝင်ငွေများ ရရှိအောင်လုပ်ကိုင်ကြသည်။ ရောင်းဝယ်ရေးတွင် တောင်သူကြီးများမှ ပိုလျှံငွေ များဖြင့် နန္ဒင်း၊ နှမ်း၊ ကုလားပဲ၊ ပဲတီစိမ်း၊ ငရုတ်၊ စပါးစသည့် အသီးအနှံများကို တပိုင်တနိုင်ဝယ်ယူ သိုလှောင်ကြပြီး ကျေးရွာတွင်း တပိုင်တနိုင်ကုန်စုံဆိုင်များ၊ ဆိုင်ကယ်ဖြင့် လှည့်လည်ရောင်းချသော ကုန်စိမ်းစျေးသည်များ စသည်ဖြင့် လုပ်ကိုင်လျှက်ရှိကြပါသည်။

၄.ခ။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပဲခင်းကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့်နွေရာသီတွင်အပူချိန်၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ ကျေးရွာတွင်ရာသီဥတု အနေအထားတွင် နွေရာသီကဲ့သို့ကာလမျိုး

တွင် အပူချိန်မြင့်မားပြီး မိုးရာသီတွင်မိုးခေါင်ခြင်းများ ဖြစ်ပေါ်ပါက ဆည်မြောင်းရေရှားပါးမှု နှင့်ရင်ဆိုင်ရသော အခါတွင် စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေသုံးစွဲကြ ရပါသည်။ ဆောင်းဥတုလိုရာသီမျိုးတွင်လည်း ကျန်းမာရေးချွတ်ယွင်းသည်အထိ ဘေးဥပါတ်အန္တရာယ် ဆိုးရွား စေသော ရာသီမျိုးမဟုတ်၍ ကျေးရွာနေ ပြည်သူအများ အေးချမ်းစွာနေထိုင်သမှုပြုနိုင်ကြပါသည်။ သောက်သုံး ရေကိုတော့ အဝီစိတွင်း မြေတွင်းများဖြင့် တစ်နှစ်ပတ်လည်အသုံးပြုနိုင်သည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာ၌စိုက်ပျိုးရေကို မြေအောက်ရေမှာပေ(၄၀)မှ(၈၀) အတွင်း၌ ပင်မြေအောက် ရေရရှိသည်။

၄.၈။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ပဲခင်းကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၆) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့ အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံ အုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ပဲခင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုး ရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့ အကျိုးတော်ဆောင် များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲ ဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင် ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ကော်မတီဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာ ငွေများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာ တွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေး နာရေး လုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ

ရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊လူငယ် ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ပဲခင်းကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု(၂၈၆) အိမ်ရှိသည့် အနက်မှ(၁၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပြီး ကျန်အိမ်ထောင်စုဝင်များမှာ နိုင်ငံဝန်ထမ်းများ၊ စက်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ အရောင်းအဝယ် နှင့် အခြား ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု ဖောက်ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတက်ပါသည်။ စက်ချုပ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော တောင်သူများ နှင့်ဆက်စပ်နေသောကြောင့် တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွကောင်းပြီး တောင်သူများသီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပါသည်။တောင်သူများမှ စိုက်ပျိုးစရိတ်သက်သာသော သီးနှံများ ရွေးချယ် စိုက်ပျိုးရာတွင် တခါတရံကျပန်း အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေ၍ မိသားစုစားဝတ်နေရေး အဆင်မပြေမှုများ ဖြစ်တတ်ကြ၍ ၎င်းတို့၏လက်တွေ့အကျိုးဖြစ်ထွန်းမည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးရန် လိုအပ်ပသည်။

ပဲခင်းကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့်(၄)ဆင့်ဖြင့် ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့် အခြေအနေအရ အိမ်ထောင်စု(၁၀၀)ကျော်မှာအဆင်ပြေသောသူများဖြစ်၍ ကျန်အိမ်ထောင်စု (၁၈၆)ကျော်မှာ အဆင်မပြေ သောသူများ ဖြစ်ကြပါသည်။

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်မွန်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ပဲခင်းကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူးရုံးနှင့် အစိုးရမူလတန်းကျောင်း ခွဲရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပနိုင်ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် အခြေခံခန်းမဆောင်ဆောက်လုပ်ရန်နှင့် ကျောင်းသား/သူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေး၍ ရပ်ဝေးမှ တာဝန် ကျသော ပညာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် အခြေခံဝန်ထမ်းအိမ်ယာအဆောက်အဦများ ဆောက်လုပ် ပေးရန် လိုအပ်ပါသည်။ပဲခင်းကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီးမိုးရာသီတွင် ရေအိုင် ခြင်း ၊ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများ လမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန် လိုအပ် သည်။ ပဲခင်းကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အိမ်ထောင်စုဝင် များ အဆင်ပြစွာစျေးဝယ်ယူ ရောင်းချနိုင်ရေးအတွက် အခြေခံစျေးသစ် တည်ဆောက်ပေးရန် လိုအပ်ပါသည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု၏(၃၈.၄၆%)သည် မဟာဓါတ်အားလိုင်းကို အသုံးပြုနေ ကြပါသည်။တစ်ချို့အိမ်ထောင်စုများဖြစ်သော(၁၇၆) အိမ်(စုပေါင်းအိမ်ထောင်စု၏ (၆၁.၅၃%)ခန့် သည် မဟာဓါတ်အား လိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုး တန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။ ကျေးရွာဘေးတွင် မည်သည့် ရေကြောင်း သယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင်ဖော်ပြထားပါသည်။ ဆိုင်ကယ်(၂၁၃)စီးမှာ သယ်ယူပို့ဆောင်ရေး ဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် သုံးဘီးဆိုင်ကယ် (၄)စီး၊ ထော်လာကျီ (၁၀) စီးရှိသည်။ ကားအစီး (၇)စီးနှင့် နွားလှည်များမှာလုပ်ငန်းသုံးနှင့် အိမ်စီးကားများဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန် ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးရရှိသော အိမ်များ၏ (၃၈.%)ခန့်မှာ တီဗွီမှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

၄.၈။ ပညာရေး

ပဲခင်းကျေးရွာတွင် မူလတန်းကျောင်းခွဲရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူ သင်ကြားခွင့် ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ(၁၀၀)ဦးခန့် ရှိပါ သည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၂၅၀၀) ရှိသည်။ စာသင်ကျောင်းဆောင်

၏ အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှုမရှိသေးပါ။ လက်မှုပညာနှင့် ပတ်သက်၍ လက်သမား၊ ပန်းရံ၊ စက်ချုပ်ခြင်းစသော ပညာရပ်များတတ်မြောက်သည့် သူများရှိသလို အထက်တန်း အဆင့်အတန်းပညာပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ၎င်းတို့နှင့်သင့်တော်၍ လက်တွေ့အကျိုးရှိသော စက်မှု၊ လက်မှုပညာရပ်များ သင်ကြားပေးရန် လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

၄.ဆ။ ကျန်းမာရေး

ပဲခင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့်ပတ်သက်၍ကူးစက်ရောဂါ၊ တီဘီရောဂါ ဖြစ်ပွားသူမှာ လူဦးရေ၏ (၀.၂%)ခန့်သာရှိပြီးသွေးတိုးရောဂါ၊ မျက်စိရောဂါဖြစ်ပွားသူအနည်းကျင်းသာ ရှိ၍အများစုမှာ ကျန်းမာရေးကောင်းမွန်ပါ သည်။ တခါတရံကလေးငယ်များမသန့်ရှင်းသော အစားသောက်များ စားသုံးမိခြင်းကြောင့်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားတတ်၍ အစားသောက်နှင့် ဆိုင်သောကျန်းမာရေးဗဟုသုတများ၊ စားသုံးရန်မသင့်လျော်သော အစားအသောက် များအား အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ခြင်း မှလွဲ၍ တစ်ခြားကူးစပ်တတ်သော ရောဂါဖြစ်ပွားမှုများ မရှိပါ။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ယင်လုံအိမ်သာသုံးစွဲကြပါသည်။

၄.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ပဲခင်းကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်းဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်ပါသည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့်၊လူနေအိမ်များ ပျက်စီးခြင်း၊စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးခြင်း ဘေးအန္တရာယ်များဖြစ်ပွားတတ်ပါသည်။စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများ ကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများ

ကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၄.၈။ ကျား - မရေးရာ

ပဲခင်းကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ပဲခင်းကျေးရွာတွင် ကျား-မ မရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍာပတ် ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်းသာရေးနာရေးများတွင်လည်း ကူညီဆောင်ရွက်ခြင်း၊ ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော် များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ပဲခင်းကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှ တစ်ရက်လုပ်အားခ မှာ (၆၀၀၀/-) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၃၅၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေး လုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၅၀၀/-) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်း ရှိပါသည်။

၅. ပဲခင်းကျေးရွာအုပ်စုပဲခင်းကျေးရွာ၏ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စီမံချက်အမည်	ဦးစားပေးအဆင့်	စီမံချက်အမည်	ဦးစားပေးအဆင့်
လျှပ်စစ်မီးလင်းနိုင်ရေး	၁	ရေသန့်စက်ကိရိယာချပေးရန်	၁၁
ကျေးရွာချင်းဆက်လမ်းတံတားကောင်းမွန်ရန်	၂	စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ပေးရန်	၁၂
ဆေးပေးခန်းဆောက်လုပ်ပေးရန်	၃	ကျန်းမာရေးပညာသင်တန်းဖွင့်လှစ်ပေးရန်	၁၃
စိုက်/သက်/မွေးအတွက်ကာလရှည်ချေးငွေချပေးရန်	၄	ကျေးရွာတွင်းလမ်းများပြုပြင်ပေးရန်	၁၄
မီးသင်္ဂြိုလ်စက်ချပေးရန်	၅	ကျောင်းဆရာ/မများချထားပေးရန်	၁၅
နိဗ္ဗာန်ယာဉ်	၆	ကျေးရွာတွင်းအားကစားကွင်းချထားပေးရန်	၁၆
ဓါတ်မြေဩဇာနှင့်မျိုးကောင်းမျိုးသန့်ချပေးရန်	၇		
စိုက်ပျိုးရေးလုံလောက်စွာချပေးရန်	၈		
ကျောင်းအတွက်ကွန်ပျူတာချပေးရန်	၉		

စိုက်ပျိုးရေးစက်ကိရိယာချေးရန်	၁၀		

နောက်ဆက်တွဲ(၁)

ပဲခင်းကျေးရွာ၊ ပဲခင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးလှိုင်လှိုင်ဝင်း	ဦးခင်မောင်	၉/ကဆန(နိုင်)၁၀၉၂၈၇	၃၈	ဥက္ကဋ္ဌ	၀၉- ၇၉၆၀၀၅၈၆၄
၂	ဦးဝင်းဆောင်	ဦးညိုမောင်	၉/ကဆန(နိုင်)၀၆၄၇၁၆	၆၁	အတွင်းရေးမှူး	၀၉- ၇၉၅၂၄၃၈
၃	ဦးကျော်ခိုင်စိုး	ဦးခင်မောင်ဝင်း	၉/ကဆန(နိုင်)၁၂၅၂၆၄	၃၅	ဘဏ္ဍာရေးမှူး	-
၄	ဦးသန်းဦး	ဦးသိန်းအောင်	၉/ကဆန(နိုင်)၀၉၉၆၈၈	၂၉	စာရင်းကိုင်	၀၉- ၇၈၂၃၀၃၆၀၇
၅	ဦးအောင်သောင်း	ဦးနီ	၉/ကဆန(နိုင်)၀၆၄၈၁၉	၅၇	သေ့ကိုင်(၁)	၀၉- ၇၉၄၈၃၄၀၃၉
၆	ဒေါ်ခင်မာကြည်	ဦးသိန်းအောင်	၉/ကဆန(နိုင်)၀၆၅၀၇၆	၅၀	သေ့ကိုင်(၂)	၀၉- ၇၈၇၈၁၅၆၈၂
၇	ဦးထွန်းအောင်	ဦးသာမိ	၉/ကဆန(နိုင်)၀၂၃၀၅၇	၅၈	အဖွဲ့ဝင်	၀၉- ၇၆၁၀၇၂၂၇၇
၈	ဒေါ်ဝင်းဝင်းစိုး	ဦးထွန်းအောင်	၉/ကဆန(နိုင်)၁၀၃၃၅၉	၄၆	အဖွဲ့ဝင်	၀၉- ၄၀၂၇၂၅၆၈၁
၉	ဒေါ်နန်းကြည်	ဦးတင်အောင်	၉/ကဆန(နိုင်)၁၉၃၅၆၁	၃၇	အဖွဲ့ဝင်	၀၉- ၄၂၆၇၅၅၅၄
၁၀	ဒေါ်တင်ဆန်း	ဦးလှဆောင်	-	၃၅	အဖွဲ့ဝင်	-

၁၁	ဒေါ်မာမာဝင်း	ဦးအောင်မောင်း	၉/ကဆန(နိုင်)၁၀၈၅၈၈	၂၆	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၉	၂၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၅	၂၇	၅၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၃	၃၆	၆၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၂	၃၃	၇၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၃၆	၃၈၉	၇၂၅
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၈	၇	၁၅
စုစုပေါင်း		၄၅၂	၅၀၃	၉၅၅
စုစုပေါင်း အိမ်ထောင်စု		၂၈၆		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် နို့စို့အရွယ်ကလေးများမှာအလွန်နည်းပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုး အစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၂၅၃	ကောင်း	အနည်း	မြစ်ရေ
ယာမြေ	-	-	-	-
ဥယျာဉ်ခြံမြေ	-	-	-	-
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	၂၅၃	ကောင်း	အနည်း	မြစ်ရေ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ပဲခင်းကျေးရွာသည် လယ်မြေများသာရှိပါသည်။ စိုက်ပျိုးမြေအများစုမှာလယ်မြေများဖြစ်ကြပြီး ဆည်ရေသောက်ဖြစ်သော်လည်း ရေပေးဝေမှုမှာအနည်း အကျဉ်းသာဖြစ်ခြင်း၊ အဝီစိတွင်းများတူး၍စိုက်ပျိုးရေးကို အစားထိုးအသုံးပြုနေကြပါသည်။

(၂.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	-	-
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	-	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	-	-
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	-	-
ပျမ်းမျှအပူချိန် – ၃၈·C	ပျမ်းမျှ မိုးရေချိန် – ၄၀·F	

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊
လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	လူမှုကူညီအဖွဲ့	၁☐ ၂☑ ၃☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	လူငယ်/အမျိုးသား/သမီးများပါဝင် ပြီးကျေးရွာ၏ကျန်းမာရေးအခက်အခဲများဖြေရှင်းရာတွင်ကူညီ၍ ကျေးရွာ၏အတက်ကြွဆုံးအဖွဲ့ဖြစ်သည်။
၂	ကျောင်း	၁☐ ၂☑ ၃☐	ပညာရေး☑ငွေကြေး☐	အဖွဲ့ဝင်(၈)ဦးပါဝင်၍ကျေးရွာ၏

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
	ကော်မတီ အဖွဲ့		ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကျောင်းနှင့်ပတ်သက်၍လိုအပ်သည် များဆွေးနွေးတိုင်ပင်ခြင်း၊အခမ်းအ နားများပြုလုပ်ခြင်း
၃	ဂေါပကအဖွဲ့	၁□ ၂□ ၃☑	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	အဖွဲ့ဝင်(၅)ဦးရှိ၍ရွှတ်ဆိုပွဲများ၊ ဆွမ်း တော်ကြီးလှည့်ခြင်းများ၊အလှူခံခြင်းများနှင့်ကျေးရွာ၏ဘာသာေးအခမ်းအနားများအားဦးဆောင်ပါသည်။
၄	ရပ်မိရပ်ဖအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ရပ်ရွာ၏ငွေကြေးစီမံခန့်ခွဲမှုများ၊ အုပ်ချုပ်မှုအပိုင်း၊အစည်းအဝေးပွဲများအားညှိနှိုင်း၍ဆောင်ရွက်ပါသည်။
၅	ဝိုင်အမ်ဘီေ အဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး☑	ငွေကြေးချေးပေးပါသည်။
၆	ငွေစုငွေချေးအဖွဲ့	၁☑ ၂□ ၃□	ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	အရောင်းအဝယ်ချေးငွေစိုက်ဘာ၏ တောင်သူချေးငွေ၊တပိုင်တနိုင်မွေး မြူရေးချေးငွေပေးပါသော်လည်း အတိုးနှုန်းများသည်။
၇		၁□ ၂□ ၃□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အများတွင်ပူး ပေါင်းပါသော်လည်းဖွဲ့စည်းမှုတွင် စည်းလုံးမှုနည်းသည်။

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။
လေ့လာတွေ့ရှိချက်။ ။ လယ်သမားမှန်လျင်မြေပေါ်တွင် စိုက်ပျိုး လုပ်ကိုင်ပါသော်လည်း ၁။စိုက်ပျိုးရေး ၂။ဈေးကွက် ၃။စိုက်ဘဏ်ချေးငွေပမာဏနည်းလွန်ခြင်း ၄။ပွဲစားများ၏ ကတိပျက်ပြီးငွေ များဆုံးရှုံးစေ၍ ကျေးရွာဖွံ့ဖြိုးမှုအတန်အသင့်သာရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၅ဧကနှင့်၁၀ အထက်	၂ဧကနှင့်၄အကြား	၁မှ၅ဧကကြား	-
အိမ်အခြေအနေ	တိုက်(၂)ထပ်အိမ်	တိုက်(၁)ထပ်အိမ်	(၄)ပင်ထရံကာသွပ်မိုး	သုံးပင်သက်ကယ်မိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ကား၊ထော်လာကျီ၊ထွန်စက်၊ရေစက်	ထော်လာကျီ၊ရေစုပ်စက်၊နွားလှည်း	ဆိုင်ကယ်၊စက်ဘီး	ဆိုင်ကယ်၊စက်ဘီး
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊မွေးြမြူရေး	စိုက်ပျိုးရေး	ကျပန်း	ကျပန်း
အိမ်ထောင်စု	၄၀	၁၀၀	၆၀	၃၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ကျေးရွာသည် စိုက်ပျိုးရေးကိုအဓိကထား အသက်မွေးကြသောကျေးရွာဖြစ်ပြီး အဆင်ပြေသောအိမ်ထောင်စုများမှာလည်း တောင်သူလယ်သမားကြီးများသာ ဖြစ်ပါသည်။ မပြေလည်သောအိမ်ထောင်စုများများမှာလည်း မြေဧကအနည်းငယ်ရှိသူများနှင့် မြေယာမဲ့များဖြစ်သည်။ ၎င်းအိမ်ထောင်စု များမှလည်း တောင်သူကူလီများသာ ဖြစ်သည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၅	၁၄.၅၈%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ ဟတ် တာထိ)	၆၀	၂၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၁၀၀	၄၁%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၄၅	၁၈.၇၅%	အလယ်အလတ်စားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၅	၁၂.၅ကေအထက် (၅ဟတ်တာနှင့်အထက်)			တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၂၄၀	၉၉.၃၅%	

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီးပါး ခန့်ရှိသည်။ ၎င်းမြေယာမဲ့များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမား ရှားပါးခြင်း၊သီးနှံဈေးကွက်တည်ငြိမ်မှုမရှိပါ။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
စပါး	၂၅၃	တင်း	၅၀	၇၀	၆၀	သင့်
နှမ်း	၂၅၃	တင်း	၅	၁၂	၁၀	သင့်
ငရုတ်	၂၅၃	တင်း	၄	၈	၆	သင့်
ကုလားပဲ	၂၅၃	တင်း	၅	၁၂	၁၀	သင့်
နန္နင်း	၂၅၃	ဝိဿာ	၈၀၀	၁၀၀၀	၉၀၀	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်မြေများအား စပါး၊ ကုလားပဲ စိုက်ပျိုးကြပြီး ယာမြေများအား နှမ်းကို အဓိကထားအများစု စိုက်ပျိုးကြသည်။ ငရုတ်နှင့်နန္နင်းစိုက်ရာတွင်ရေငတ်ဒဏ်ခံခြင်း၊ ဖျက်ပိုးအန္တရာယ် ကင်းဝေးခြင်းတူး ဖော်ချိန်တွင် တူးဖော်စရိတ်ကိုပြန်စစ်စေပြီးအတက်သည်အမြတ်ဖြစ်ပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၆	၁၁၅
နို့စားနွား	၁၅	၁၇
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၄	၃၂
ကြက်	၃၅	၁၇၃
ဘဲ	၁	၃
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် နို့စားနွားနှင့် ကြက်၊ ဘဲများအနည်း ငယ်မွေးမြူမှုရှိသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	**လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)**	**လုပ်ငန်း အရေအ တွက်**	**ဝန်ထမ်း / အလုပ်သမ ား အရေ အတွက်**	**မိသားစု ဝင် လုပ်အား**	**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်**
၁	သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၁၀	၁၀	၂၀	နိမ့်

၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	၁	၁	၁	
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)	၁၅	၁၅	၁၅	နိမ့်
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၂၀	၂၀	၂၀	ရပ်တည်နိုင်မှုမှာအလယ်အလတ်အဆင့်နှင့်အမြင့်တို့တွင်တည်ရှိပါသည်။
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၁	၂	၂	
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး				
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း)	၃	၃	၃	ငွေကြေးချမ်းသာသူများကုန်ဝယ်လှောင်ကြပြီးရပ်တည်နိုင်မှုမှာဖြင့်အရောင်းချေးငွေ
၁၁	အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	
၁၂	ပညာရေး	၁	၁	၁	ပညာရေးဝန်ထမ်းများဖြစ်ကြပြီးစီးပွားရေးရပ်တည်နိုင်မှုမှာမြင့်ပါသည်။
၁၃	ကျန်းမာရေး	၄	၄	၄	နိမ့်
၁၄	လူမှုရေး လုပ်ငန်းများ	၃	၃	၃	
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	၂၀	-	၂၀	
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ			၈၉	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေး၊မွေးမြူရေးသမားများလည်း အပိုဝင်ငွေရရှိရန် အခြားလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းယူကြသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	သံရွာဈေး	ကျောက်ဆည်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို	၀ မှ ၁ မိုင်☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင်☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ခန့်မှန်းပြီး ရွေးချယ်ရန်)	၁၅ မိုင် အထက် ☐	၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐
သယ်ယူပို့ဆောင်ရေးနည်းလမ်း	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စားသောက်ကုန်ပစ္စည်းများကို ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော ရေဝန်းဈေးကျေးရွာ သို့ ဆိုင်ကယ်များဖြင့် သွားရောက်ဝယ်ယူရသည်။ အခြားအိမ်ဆောက်ပစ္စည်းများနှင့် အဝတ် အထည်များ၊ အခြားကြီးမား ပစ္စည်းများအား မိုင်(၂၀)ကျော်ဝေးသော ကျောက်ဆည်မြို့သို့ကား၊ ထော်လာဂျီများဖြင့် သွားရောက်ဝယ်ယူကြသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက်သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☑၂☐၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☑ ၅–၁၀ မိုင်☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐၂☑၃☐ ၄☐၅☐	ကောင်း☐ သင့်☐ ညံ့☑	ပွင့်လင်း ရာသီ☑ တစ်နှစ်ပတ်လုံး☐	၀–၁ မိုင်☐ ၁–၅ မိုင်☐ ၅–၁၀ မိုင်☑ ၁၀မိုင်အထက်☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ကားများချော်ခြင်းများ ဖြစ်ပေါ်သောကြောင့်အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။

(၅. ၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	ပွင့်လင်းရာသီ☐ တစ်နှစ်ပတ်လုံး☐

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	‘-	၂၁၃	၄	၁၀	၇		၂၈

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။သယ်ယူပို့ဆောင်ရေးအဖြစ် မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်ကိုသာ အသုံးပြုကြပြီး လယ်တောထုတ်ကုန်များကိုမှ နွားလှည်းများဖြင့်သယ်ယူကြသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၁၀
ဆိုလာစနစ်	
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၇၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အိမ်ထောင်စု (၂၄၀)စုရှိသည့်အနက်မှ (၁၁၀)စုသာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး ရယူသုံးစွဲနိုင်သေးပြီး ဆင်းရဲသားအိမ်ထောင်စုများမှာမူ အခြားနည်းစနစ်ဖြင့် အသုံးပြု နေကြ

ရသည်။ ထို့ကြောင့် ဆင်းရဲသားအိမ်ထောင်စုများမှာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် လိုအပ်လျက် ရှိသည်။

(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၂၄၅	၂၃	၁၀၉

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တယ်လီဖုန်းလိုင်းများအားလုံး မိသောကြောင့် အော်ပရေတာမျိုးစုံမှ တယ်လီဖုန်းများကိုင်ကြသည်။လျှပ်စစ်မီးရရှိသော အိမ်များ၏ (၄၅.၈၃%)ခန့်မှာ တီဗွီမှ ဗဟုသုတ အစီအစဉ်များကြည့် ရှုကြသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၃၅	၃၇	၇၂
အလယ်တန်း	၂၀	၂၉	၄၉
အထက်တန်း	၈	၈	၁၆
တက္ကသိုလ်/ကောလိပ်	၁	‘-	၁

ရင်းမြစ် ... (၁) **ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် “ဘုန်းကြီးကျောင်းသင်ပညာရေး” ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/ သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အသက်၅နှစ်ပြည့်သော်လည်း ကျောင်းမနေဖြစ်သေးသည့်သူများ အနည်းငယ်တွေ့ရသည်။ အချို့မှာအလယ်တန်းအဆင့်ထိ ရှိသင့်သော အသက်အရွယ်များဖြစ်သော်လည်း ကျောင်းအပ် နောက်ကျခြင်းကြောင့် မူလတန်းအဆင့်သာရှိကြသေး သူများလည်းတွေ့ရသည်။ မိဘများ၏ စားဝတ်နေရေး မပြေလည် သောကြောင့် ကျောင်းမနေရသောကလေးငယ်များလည်း ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း☐ မူလွှန်☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐	မူလတန်း☐ မူလွှန်☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐	မူလတန်း☐ မူလွှန်☑ အလယ်တန်း(ခွဲ) ☐ အလယ်တန်း☐

အကြောင်းအရာ	(၁)			(၂)			(၃)		
	အထက်တန်း(ခွဲ)☐ အထက်တန်း☐			အထက်တန်း(ခွဲ)☐ အထက်တန်း☐			အထက်တန်း(ခွဲ)☐ အထက်တန်း☐		
ခ။ရွာမှအကွာအဝေး(မိုင်)	၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐			၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐		
ဂ။သယ်ယူပို့ဆောင်ရေး၀န်ဆောင်မှု	ခြေလျင် ☑ စက်ဘီး ☑ ဆိုင်ကယ် ☑ ကား ☐			ခြေလျင် ☐ စက်ဘီး ☑ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၅၀၀ပေ								
င။အမိုးနံရံအခင်း အရည်အသွေး	ကောင်း☐သင့်☑သည့် ☐			ကောင်း☐သင့်☑သည့် ☐			ကောင်း☐သင့်☐သည့် ☐		
စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု	လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☑			လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☑		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☑ သည့် ☐ မရှိ ☐			ကောင်း ☐ သင့်☐ သည့် ☐ မရှိ ☐			ကောင်း ☐ သင့်☐ သည့် ☐ မရှိ ☐		
ဈ။ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☑			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၃	၄	၇						
ကျေးရွာခန့်									

ရင်းမြစ် … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

မှတ်ချက်။ **။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောင်းပညာရေးအားပိုမိုအားကောင်းစေရန် အရပ်ခန့်အဖြစ် ဆရာမတစ်ဦးအား ကျေးရွာ ရန်ပုံငွေဖြင့် ခန့်ထားပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောဝ	မြင့်☐	နိမ့်☐	မရှိ☑
၂	သွေးလွန်တုပ်ကွေး	မြင့်☐	နိမ့်☑	မရှိ☐
၃	ငှက်ဖျား	မြင့်☐	နိမ့်☐	မရှိ☑
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်☐	နိမ့်☐	မရှိ☑
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑
၆	တီဘီ	မြင့်☐	နိမ့်☐	မရှိ☑
၇	ဆီးချို	မြင့်☐	နိမ့်☑	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☑	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☐	မရှိ☑
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☐	မရှိ☑
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☐	မရှိ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ရာသီပေါ်ရောဂါများနှင့် ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ အနည်းငယ်မျှသာ ဖြစ်ပေါ်သည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		✓
၂	ဆုံဆို့၊ ကြွက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		✓
၃	ပိုလီယိုရောဂါ		✓
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)		✓
၅	ဝက်သက်ရောဂါ		✓
၆	အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု**		✓
၇	အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		✓
၈	အာဟာရပညာပေး အစီအစဉ်		✓

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကာကွယ်ဆေးထိုးနှံခြင်းများ ပုံမှန်ရှိသည်။ သဘာဝလေကောင်း လေသန့်များ ရခြင်း၊ ကာကွယ်စနစ်အရ လေ့လာလိုက်စားမှုများခြင်းတို့ကြောင့် ကာကွယ်ကုသမှုလက်ဦးမှုရှိပြီး ဆိုးရွားသော ရောဂါဟူ ၍မရှိပါ။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ကျေးလက်ကျန်းမာရေး	၀ မှ ၁ မိုင် ☑	ရှိ ☑

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး (မိုင်)	အခန်း/ကုတင်လုံလောက်မှု
ဌာန/ ဌာနခွဲ	၁ မိုင် မှ ၃ မိုင် ☑ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☐	မရှိ ☐
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☑	ရှိ ☑ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက်☑	ရှိ ☐ မရှိ ☑

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ သာမာန်ရောဂါများအား ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင် ကုသပါသည်။ အရေးပေါ်ကိစ္စများနှင့် ရောဂါကြီးများအား မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြရသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)
ရေတွင်း		ကောင်း☐ သင့်☐ ညံ့☐	
အဝီစိတွင်း/ စက်တပ်	၁၀၆	ကောင်း☑ သင့်☐ ညံ့☐	ရှိ
အဝီစိတွင်း/ တုံကင်	၁၀၀	ကောင်း☑ သင့်☐ ညံ့☐	ရှိ
မိုးရေ သိုလှောင်ကန်		ကောင်း☐ သင့်☐ ညံ့☐	
မြစ်/ချောင်းရေ		ကောင်း☐ သင့်☐ ညံ့☐	
ရေကန်		ကောင်း☐ သင့်☐ ညံ့☐	
စိမ့်စမ်းရေ		ကောင်း☐ သင့်☐ ညံ့☐	

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း -

ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီး

အုပ်စု၊ (၃) ကျေးရွာသယံဇာတပြဓြေပုံ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းသောက်သုံးရေလုံလောက်စွာအသုံးပြုရပါသည်။

(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	-
ရေလောင်း/ယင်လုံအိမ်သာ	၂၄၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	-
တွင်းမရှိ အိမ်သာ	-
အိမ်သာမရှိ	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ကိုယ်ပိုင်အိမ်သာမရှိသောအိမ်ထောင်စုမရှိပါ။

(၈) ဘေးအန္တရယ်များ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိပါ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မရှိပါ
၃	ရေကြီးခြင်း	မရှိပါ
၄	မိုးခေါင်ခြင်း	မရှိပါ
၅	အအေးလွန်ကဲခြင်း	မရှိပါ
၆	မုန်တိုင်း	မရှိပါ
၇	ငလျင်	မရှိပါ
၈	မီးဘေး	မရှိပါ
၉	ဆားငန်ရေဝင်မြေ	မရှိ
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မရှိပါ
၁၁	သစ်တောပြုန်းတီးခြင်း	မရှိပါ
၁၂	ငှက်ဖျားရောဂါ	မရှိပါ
၁၃	တီဘီရောဂါ	မရှိပါ
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မရှိပါ
၁၅	ပြည်တွင်း ပဋိပက္ခ	မရှိပါ
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မရှိပါ
၁၇	လူကုန်ကူးခြင်း	မရှိပါ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မရှိပါ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	နိမ့်	ပိုမိုကောင်းမွန်စေရန်ဓါတ်မြေသြဇာများအသုံးပြုပါသည်။
အပင်မျိုးစိတ်များ	နိမ့်	-
ရေအရင်းအမြစ်	နိမ့်	-
ငါးမျိုးကွဲများ	နိမ့်	-
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မြေဆီမြေသြဇာအခြေအနေမှာအသင့်အတင့်ရှိ၍ ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများမရှိပါ။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ☐*	*မရှိ☑*
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ☑*	*မရှိ☐*

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း အဖွဲ့အစည်းအချို့တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်လုပ်ဆောင် ကြသည်။

ကျောက်ဆည်မြို့နယ်၊ ပဲခင်းအုပ်စု၊ ပဲခင်းကျေးရွာ၏ဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြစ်နိုင်ခြေဖြေရှင်းနည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းစဉ်များ
အခြေခံအဆောက်အဦ					
ကျေးရွာတွင်းလမ်းမျ ား မိုးတွင်းသွားရန်ခက် ခဲ ခြင်း၊ကုန်စည်ကူးသ န်း ရေးအတွက်လမ်း ပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊သွားရေး လာရေးအတွက် အချိန်ပေးရခြင်း၊	မြေသားလမ်းဖြစ်ခြင်း မိုးရာသီတွင် ကျေးရွာတွင်းလမ်းများ ရေများအိုင်နေခြင်း၊ ရေနုတ်မြောင်းများမရှိ ခြင်း၊ကုန်စည်ပို့ဆောင်ရန် အချိန်ပေးရခြင်း၊ တိုက်ရိုက်မသွားနိုင်ဘဲ ဝေ့ဝိုက်သွားရန် အချိန်ကုန်ခြင်း၊	ဤလမ်းမကြီးသည် ကျေး ရွာ၏မရှိမဖြစ်လမ်းမကြီး ဖြစ်ပြီး ပြည်သူလူထု ထည့်ဝင်ငွေဖြင့်လမ်းများ ကောင်းမွန်ရန်အတွက် ပြုပြင်နိုင်ခြင်း၊	ကျေးရွာတွင်းလမ်းသည် ရှည်လျားသောကြောင့်အ လှူငွေများနှင့်လုံလောက် မှုမရှိ ခြင်း ဆောက်လုပ်ရေး နည်းပညာမရှိခြင်း၊ အဆင့်မြင့်ပြုပြင်ရန် လိုအပ်ခြင်း၊	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင် ခြင်းအလှူရှင်များရှာခြင်း တည်ဆောက်ရေးနည်းပညာ များအားဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်း တည်ဆောက်ရေးပစ္စည်း များစုဆောင်းခြင်း၊	ကျေးရွာတွင်းလမ်းများခင် း ခြင်းစီမံချက်
တစ်နှစ်ပတ်လုံးမြို့ နှင့်အခြားကျေးရွာ များသို့သွားလာရန် အတွက်ခက်ခဲခြင်း၊ (ကျောင်းသွားခြင်း၊ ထွက်ကုန်သယ်ယူပို့ ဆောင်ခြင်း)။ ကား၊ ဆိုင်ကယ်များတိမ်း	မြေသားလမ်းမှာ မည်ညာ ခြင်းချိုင့်အကြီးစားများ ရှိနေခြင်းအချို့နေရာများ တွင် မိုးရွာက ဗွက်များထ ခြင်းလယ်ယာကုန်ထုတ် သမားများမှလည်း အသုံးပြုနေရခြင်း	ဤလမ်းမကြီးသည်ကျေး ရွာချင်းဆက်လမ်းဖြစ်ပြီး ကျောက်ဆည်သို့သွား သော မရှိမဖြစ်လမ်းတစ်ခု ဖြစ်သည်။ပြည်သူလူထု ထည့်ဝင်ငွေဖြင့်လမ်းများ ကောင်းမွန်ရန်အတွက် ပြုပြင်နိုင်ခြင်း၊	လမ်းနယ်နမိတ်မကျယ် ဝန်းခြင်း	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဌာန၊ ကျေးလက်လမ်းဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်း ခြင်းတည်ဆောက်ရေးနည်း ပညာများအားဌာနဆိုင်ရာ များမှ ပံ့ပိုးစေရန်တောင်းခံ	ကျေးရွာချင်းဆက်လမ်း (တံတားလမ်းခင်းပေးရန်)

ချော်မှောက်ခြင်း				ခြင်းတည်ဆောက်ရေး ပစ္စည်းများစုဆောင်းခြင်း	
လျှပ်စစ်					
မဟာဓါတ်အား လိုင်းရှိသော်လည်း ဆင်းရဲသောအိမ် ထောင်စု(၁၇ဖွ) သည်လျှပ်စစ်မီး မရရှိသေးခြင်း	လျပ်စစ်မီးမရ၍ချက်ရေး ပြုတ်ရေးတွင် အချိန်များ ပေးရခြင်း၊အိမ်တွင်း အသေးအစားစက်မှု လုပ်ငန်းများ မလုပ်နိုင် ခြင်း၊	မီးလင်းရေးကော်မတီရှိ ခြင်း၊လျှပ်စစ်မီးရရှိပြီး သားရွာဖြစ်ခြင်း၊ လျှပ်စစ်မီးချိတ်ဆက် သွယ်တန်းရန် ဓါတ်တိုင်များ အဆင်သင့်ရှိနေခြင်း၊	လျပ်စစ်ကော်မတီသို့ လျှပ်စစ်ကြိုးသွယ် တန်းခပေးသွင်းရန် ငွေကြေးမတက်နိုင်ခြင်း	ကျေးရွာမီးလင်းရေး ကော်မတီ၊ လျှပ်စစ် စွမ်းအင်ဝန်ကြီးဌာနနှင့်အလှူ ရှင်များ ချိတ်ဆက် ဆောင်ရွက်ရန်အစိုးရ အထောက်အပံ့ဖြင့်မီးလင်း ခြင်း(သို့)မီးလင်းရေးအတွက် ချေးငွေများ ချပေးခြင်း	ကျန်ရှိသောအိမ်ခြေများ လျှပ်စစ်မီးရရှိရန် V Line)
ကျန်းမာရေး					
ကျန်းမာရေးအသိပ ညာအားနည်းခြင်း၊ များ အချိန်တိုတွင်း ဝန်ဆောင်မှုမရရှိ ခြင်း၊	ကျေးရွာနေပြည်သူလူထု ကျန်းမာရေးနှင့်ပတ်သက် သည့်ဗဟုသုတများ ကြွယ်ဝစေရန်၊	ကျန်းမာရေးအသိပညာ ပိုင်းဆိုင်ရာဆွေးနွေးပွဲ များဟောပြောပွဲများပြု လုပ်ခြင်းဖြင့် အသက် အန္တရာယ်ကင်းစွာ ပြုမူ နေထိုင်တက်စေခြင်း	ဌာနဆိုင်ရာများ၊ဖွံ့ဖြိုး ရေးအဖွဲ့များနှင့်ချိတ်ဆက် မှုအားနည်းသည်၊ ဗဟုသုတအားနည်းသည်	ပြည်သူ့ထူထု အသက်အန္တ ရာယ်ကင်းစွာကျန်းမာစွာ နေထိုင်သွားနိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေး ေပြာပွဲများပြုလုပ်ခြင်း	ကျန်းမာရေးအသိပညာ ပိုင်းဆိုင်ရာသင်တန်းများနှ င့် ဆွေးနွေးပွဲ ပြုလုပ်ခြင်းဗဟုသုတများ ကြွယ်ဝစေရန်
အရေးပေါ်ကျန်း မာရေးအခြေအနေ များအချိန်တိုတွင်း ဝန်ဆောင်မှုမရရှိ ခြင်း၊	ကျေးလက်ဌာနတွင် သားဖွားဆရာမ သာရှိ ခြင်းအရေးပေါ် ကိစ္စများတွင် မြို့နယ်ဆေးရုံသို့ သွားရောက်ကုသရခြင်း	ကျေးရွာမှ ကျန်းမာရေး ဆေးပေးခန်းဆောက် လုပ်ပေးရန်စိတ်အား ထက်သန်ကြခြင်း၊ ဆေးဝါးပစ္စည်းနှင့်အသုံး အဆောင်များ လှူရန် အလှူရှင်များ ရှိခြင်း၊	ဆေးပေးခန်းဆောက် လုပ်မြေနေရာရှိပါသော် လည်းရန်ပုံငွေလုံလောက် မှုမရှိခြင်းကြောင့်နိုင်ငံ တော်၏ပံ့ပိုးမှုတစ်စုံတစ် ရာလိုအပ်နေသည်မှာ	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ နှင့် ကျန်းမာရေးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်း ခြင်း၊တည်ဆောက်ရေး နည်းပညာများအား	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ တည်ဆောက်ပေးရန်၊

	ဆေးဝါးများလုံလောက်စွာမရှိခြင်း၊		အမှန်ဖြစ်ပါသည်၊	ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်း တည်ဆောက်ရေးပစ္စည်းများစုဆောင်းခြင်း	
နာရေးအတွက် အခက်အခဲရှိခြင်း	နာရေးကားမရှိခြင်း	ကျေးရွာရန်ပုံငွေရှိခြင်း၊ ရွာသူရွာသားများမှ စိတ်ပါဝင်စားခြင်း	ပြည့်စုံသောငွေကြေးမရှိခြင်း	လူမှုကူညီရေးအသင်းများ နှင့် ချိတ်ဆက်မှုရှိခြင်း	နာရေးကားကူညီထောက်ပံ့ပေးခြင်း စီမံချက်
မိုးတွင်းကာလတွင် အခက်အခဲရှိခြင်း	**မီးသင်္ဂြိုလ်စက်မရှိခြင်း၊**	**ကျေးရွာတွင်လူမှုကူညီရေးအသင်းရှိခြင်း၊**	**ဦးစီးဆောင်ရွက်မည့်အဖွဲ့အစည်းမရှိခြင်း၊**	**လူမှုကူညီရေးအသင်းများနှင့် ချိတ်ဆက်မှုရှိခြင်း၊**	**မီးသင်္ဂြိုလ်စက်ချထားပေးရန်၊**
သောက်သုံးရေမသန့်ရှင်းသောကြောင့်	(၁၅)မိနစ်(၁)ခါနှုန်းသောက် သုံးနေသောရေမသန့်ရှင်းပါကရောဂါများ	ရေသန့်စက်များချထားပေး ခြင်းအားဖြင့်သောက်သုံးေ ေ များသန့်ရှင်း၍ရောဂါဘယ များမဖြစ်ပွားတော့ပါ၊ကျန်း မာခြင်းသည်။	ကျေးရွာနေပြည်သူများေ ောက်သုံးရန်အခြေအနေကောင်း မရှိခြင်း	-	ရေသန့်စက်ချထားပေးရန်
ပညာရေး					
ပညာရေးဝန်ထမ်းအိမ်ရာမရှိခြင်း၊	နယ်ဝေးမှစာလာသော ဆရာ/မများရှိနေခြင်းကြောင့်၊	ပညာရေးရန်ပုံငွေချထားပေးခြင်း၊	-	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ပညာရေးဌာနတို့ချိတ်ဆက်ဆောင်ရွက်ခြင်း၊ကျေးရွာရန်ပုံငွေစုဆောင်းခြင်းတည်ဆောက်	ပညာရေးဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊

				ရေးနည်းပညာများအား ဌာနဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံခြင်း တည်ဆောက်ရေးပစ္စည်း များစုဆောင်းခြင်း	
မိဘများသားသမီး များအား ရာနှုန်းပြည့် စိတ်မချရ ဖြစ်နေရခြင်း	စာသင်ကျောင်းတွင်သင် ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊	စာသင်ကျောင်းဝန်းတွင် မြေနေရာလွတ်များနှင့် စာသင်ဆောင်များ ထိုက်သင့်စွာ ရှိနေခြင်း	ကျောင်းဆောင်သစ် ဆောက်လုပ်ရန် (၁၀၀%) မတက်နိုင်ခြင်း	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့်ပညာရေးဌာန တို့ ချိတ်ဆက်ဆောင်ရွက်ခြင်း ကျေးရွာရန်ပုံငွေစုဆောင်း ခြင်းတည်ဆောက်ရေး နည်းပညာများအားဌာန ဆိုင်ရာများမှ ပံ့ပိုးစေရန်တောင်းခံ ခြင်း တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းသင်ထောက်က ူပစ္စည်းများထောက်ပံ့ပေးခြ င်း/ အားပေးကူညီကြခြင်း	စာသင်ကျောင်းအတွက် သင်ထောက်ကူပစ္စည်းများ ချထားပေးရန်
စိုက်ပျိုးရေး					
သီးနှံဖျက်ပိုးကျ ရောက်ခြင်း	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမမှီခြင်း၊ရာသီ ဥတုမမှန်၊မိုးခေါင်ရေရှား လိုအပ်သောမြေဩဇာ၊ ဆေးအလုံအလောက်မသုံး စွဲတတ်ခြင်း	သဘာဝမြေဩဇာ (နွားချေး)ပေါများခြင်း၊ သွင်းအားစုများဝယ်ယူရန် လက်လှမ်းမှီခြင်း၊	ဓါတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲခြင်း	-	ရာသီအလိုက်သီးနှံဖျက် ပိုးများနှင့်ရောဂါများအ တွက်အသိပညာပေးဟော ပြောပွဲများနှင့်ပညာသင် တန်းများဖွင့်လှစ်ပေးပါရန်

လယ်ယာလုပ်ငန်းများတိုးချဲ့လုပ်ဆောင်နိုင်မှုမရှိခြင်း	လယ်ယာသုံးစက်ပစ္စည်းများမရှိခြင်း၊	ရာသီအလိုက်သီးနှံများစိုက်ပျိုးနိုင်ခြင်း၊	ဝယ်ယူရန်ငွေကြေးမလုံလောက်ခြင်း၊	ချေးငွေထုတ်ယူ၍ရခြင်း၊	စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများချထားပေးရန်၊
နှစ်စဉ်သီးနှံထွက်နှုန်းများလျော့နည်းခြင်း	ခါတ်မြေဩဇာနှင့်မျိုးကောင်းမျိုးသန့်များမရှိခြင်း၊	စိုက်ပျိုးရေးဌာနမှမျိုးကောင်းမျိုးသန့်များဝယ်ယူနိုင်ခြင်း၊	ဝယ်ယူစရိတ်မြင့်မားနေခြင်း၊	မျိုးစေ့များစုဆောင်းထားနိုင်ခြင်း၊	ခါတ်မြေဩဇာနှင့်မျိုးကောင်းမျိုးသန့်ချထားပေးရန်
လယ်သမားများတပိုင်တနိုင်စပါးစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေဖူလုံမှုမရှိပါ၊	ရေသွင်းမည့်အချိန်တွင် ရေများလုံလောက်စွာမသွင်းနိုင်ခြင်း	တောင်သူများမှမြောင်းများကို ကောင်းမွန်စွာတူးဖော်ထားခြင်း	တရားမဝင်ပြွန်များတပ်ဆင်မှုများရှိခြင်း	ကျေးရွာအုပ်ချုပ်ရေးမှူး၊ တောင်သူများနှင့် ဆည်မြောင်းဌာနတို့ ချိတ်ဆက်ဆောင်ရွက်ရန်	စိုက်ပျိုးရေနှစ်စဉ်ဖူလုံစွာရရှိနိုင်စေရန်
လူငယ်					
အားကစားကွင်းဆောက်လုပ်ပေးပါရန်အားကစားပစ္စည်းများမရှိခြင်း၊	ကျေးရွာအတွင်းရှိကလေးငယ်များလွယ်လပ်စွာကာယအားကစားပြုလုပ်နိုင်ရန်၊	ကျေးရွာရန်ပုံငွေဖြင့်အားကစားကွင်းများတည်ဆောက်နိုင်ခြင်း၊	-	ကျေးရွာရန်ပုံငွေဖြင့် ကလေးငယ်များလွတ်လပ်စွာကစားနိုင်ရန် အတွက် အားကစားကွင်းများတည်ဆောက်ပေးခြင်း	ကျေးရွာအားကစားကွင်းဆောက်လုပ်ပေးပါရန်နှင့် အားကစားပစ္စည်းများထောက်ပံ့ပေးပါရန်၊
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍ					
စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများအတွက် ကာလရှည်ချေးငွေမလုံလောက်ခြင်း၊	စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများပြုလုပ်ရာတွင်သက်သာချောင်ချိစွာဖြင့်ပြုလုပ်နိုင်ခြင်း၊	မြစိမ်းရောင်စီမံကိန်းရရှိခြင်းဖြင့်ပြည်သူများ၏ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများအတွက်	-	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၊ မြို့နယ်စည်ပင်၊ ကျေးလက်ဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း	စိုက်/မွေးအတွက်ကာလရှည်ချေးငွေများရရှိစေရန်

		ကောင်းမွန်စွာဖြေရှင်းနိုင်ခြင်း၊		ကျေးရွာရန်ပုံငွေစုဆောင်းခြင်း	